**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.org

# (၆၂) နှစ် မြောက် ကချင်လွတ်လပ်ရေးအဖွဲ့ KIO နေ့ အထိမ်းအမှတ် အကြိုပွဲတော်အား အာဏာသိမ်းစစ်ကောင်စီ ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူလူထုများ၊ အနုပညာရှင်များ သေဆုံးခဲ့ရမှုအပေါ် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ သဘောထားထုတ်ပြန်ကြေငြာချက်

ရက်စွဲ - အောက်တိုဘာလ (၂၅) ရက်၊ ၂၀၂၂ ခုနှစ်။

၁။ အာဏာသိမ်း စစ်ကောင်စီ၏ စစ်တပ်သည် ၂၀၂၂ ခုနှစ် အောက်တိုဘာလ(၂၃)ရက်နေ့ ည(၈း၃၀)နာရီခွဲ ကျော် အချိန်တွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ အနန့်ပါ တွင် ပြုလုပ်ကျင်းပနေသည့် ကချင်လွတ်လပ်ရေး အဖွဲ့ KIO ဖွဲ့စည်းတည်ထောင်ခြင်း (၆၂)နှစ်မြောက်အထိမ်းအမှတ် အကြိုတေးဂီတ ဖျော်ဖြေပွဲပြုလုပ်ကျင်းပ နေစဉ် ဂျက်တိုက်လေယာဉ်(၃)စင်းဖြင့် လေကြောင်းတိုက်ခိုက်ပုံးကြဲခဲ့သဖြင့် အပြစ်မဲ့အရပ်သား ပြည်သူလူထုများ၊ အနုပညာရှင်များ (၈၀)ကျော်ခန့် သေဆုံးခဲ့ကြရပြီး ထိခိုက်ဒဏ်ရာရသူ (၁၀၀)ကျော်ကိုလည်း ဆေးကုသခွင့် မရရှိအောင် ဂင်စီကျေးရွာ တွင် ပိတ်ဆို့တားမြစ်သည့်အတွက် အသက်သေဆုံးမည့်အန္တရယ်များ နှင့် ရင်ဆိုင် နေရကြောင်း ကြားသိရပါသဖြင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် ကျန်ရစ်သူ မိသားစုနှင့် သော်လည်းကောင်း၊ ကချင်ပြည်သူ တစ်ရပ်လုံးနှင့်သော်လည်းကောင်း၊ KIO ကချင်လွတ်လပ်ရေး အဖွဲ့နှင့် ထပ်တူ ဝမ်းနည်းကြေကွဲ ရပါသည်။

၂။ အာဏာသိမ်း စစ်ကောင်စီ သည် တေးဂီတပွဲအား လူအများငြိမ်းချမ်းစွာ စုဝေးဆင်နွဲနေချိန်တွင် ရက်စက် ကြမ်းကြုတ်စွာ လူသားမဆန်စွာဖြင့် ရည်ရွယ်ချက်ရှိရှိ အစီအစဉ်ရှိရှိဖြင့် အစုလိုက် အပြုံလိုက် ပုံးကြဲတိုက်ခိုက် သတ်ဖြတ်ခြင်းသည် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှု နှင့် အရပ်သားများကို ပစ်မှတ်ထား တိုက်ခိုက်မှုကြောင့် စစ်ရာဇဝတ်မှုမြောက်ကြောင်း သက်သေခံလျက်ရှိသည်။ အာဏာသိမ်းစစ်ကောင်စီ သည် စနစ်တကျ ကျူးလွန်သည့် စစ်ရာဇဝတ်မှုများအတွက် တာဝန်ရှိပြီး ကျူးလွန်ခံရသူ အပြစ်မဲ့ပြည်သူလူထုများ အတွက်လည်း တရားမျှတမှုကို ရရှိရန် တောင်းဆိုပါသည်။

၃။ အာဏာသိမ်း စစ်ကောင်စီသည် ပြည်တွင်းစစ်တွင် အသုံးမပြုရဟု ပိတ်ပင်တားမြစ်ထားသည့် စစ်ဆင်ရေးသုံး စစ်ဂျက်လေယာဉ်များဖြင့် တော်လှန်ရေးအဖွဲ့အစည်းများ အရပ်သားပြည်သူလူထုများ ဟူ၍ ခွဲခြားမှုမရှိဘဲ ရန်ငါ စည်းခြားလျက် ငါနဲ့မတူ ရန်သူဟူ၍ သိမ်းကြုံးသတ်မှတ်ကာ ပစ်မှတ်ထား ပုံးကြဲတိုက်ခိုက်သည့် လုပ်ရပ်သည် စစ်ရာဇဝတ်မှု(War Crime)အား ကျူးလွန်ခြင်းဖြစ်သည်။

၄။ နိုင်ငံတကာအစိုးရများနှင့် နိုင်ငံတကာတရားရေးဆိုင်ရာ ယန္တယားများကလည်း ဤသို့သော နိုင်ငံတကာ လူသားခြင်းစာနာထောက်ထားသည့် ဥပဒေများ (International Humanitarian law) ကို ပြောင်ပြောင်

တင်းတင်းကျူးလွန်သူ နှင့် အမိန့်ပေးစေခိုင်းသည့် အာဏာသိမ်းစစ်ကောင်စီအား တာဝန်သိစွာဖြင့် ပြစ်ဒဏ်ပေး အရေးယူ ဆောင်ရွက်ရန် တောင်းဆိုသည်။

၅။ အာဏာသိမ်းစစ်ကောင်စီသည် ပြည်သူများတို့အား ပစ်မှတ်ထား တိုက်ခိုက်နေခြင်းသည် ၎င်းတို့အာဏာ ဆက်လက်ဆုတ်ကိုင်ရေးကိုသာ ပြုလုပ်နေသည့်အတွက် စစ်တပ်အပေါ် ရွံ့ရှာနာကျည်း မုန်းတီးမှုများကိုသာ ပိုမိုဖြစ်ပေါ်စေပြီး မိမိပြည်သူအား ပြန်လည်သတ်ဖြတ်နေသည့် စစ်တပ်အား တိုင်းရင်းသား ပြည်သူတရပ်လုံးက ပိုမိုစည်းလုံးညီညွတ်စွာဖြင့် အတူတကွ ဝိုင်းဝန်းဆန့်ကျင်မှုပြုကြရန်လိုအပ်ပါသည်။

၆။ အာဏာသိမ်း စစ်ကောင်စီ၏ ဤသို့သော လုပ်ရပ်များသည် ပြည်တွင်းစစ်အား ပိုမို နက်ရှိုင်းစွာ ဖြစ်ပေါ်ရေးသို့ တွန်းပို့နေသည် နိုင်ငံ၏အလုံးစုံ ပျက်သုန်းရေးသို့ ဦးတည်နေသော လုပ်ဆောင်ချက်များ ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသား ပြည်သူလူထုတရပ်လုံးအနေဖြင့် ဤသို့သော အာဏာသိမ်းစစ်ကောင်စီ ၏ လူမဆန်သည့် လုပ်ရပ် အား ဝိုင်းဝန်းဆန့်ကျင်ပြီး စစ်အာဏာရှင်စနစ် အမြစ်ဖြတ်ရေးတွင် ပိုမိုပါဝင်တိုက်ပွဲဝင်ရန်ကိုလည်း တိုက်တွန်း ပါသည်။

၇။ မိမိတို့ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး အနေဖြင့် (၆၂)နှစ်မြောက် ကချင်လွတ်လပ်ရေးနေ့ တွင် ကချင်ပြည်သူလူထုတရပ်လုံးနှင့်အတူ ထပ်တူထပ်မျှ အထူးဂမ်းနည်းကြေကွဲရပြီး အပြစ်မဲ့လက်နက်မဲ့ အရပ်သား ပြည်သူများတို့အား တတ်စွမ်းသရွေ့ အကာအကွယ်ပေးမှုများ ကို ဆထက်ထမ်းပိုး လုပ်ဆောင်ပေးသွားမည် ဖြစ်ပြီး မဟာလူမျိုးကြီး ဝါဒ နှင့် အာဏာရှင်စနစ် အပြီးပိုင် ချုပ်ငြိမ်းရေးအတွက် တော်လှန်သူအင်အားစုများ အားလုံးနဲ့ အတူ တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန် လိုက်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး

ဆက်သွယ်ရန်-

(၁) ပဒိုစောတာဒိုမူး (+၉၅ ၉၇၉ ၅၈၈ ၇၀၈၅) ၊ (+၆၆ ၆၄၆ ၄၅၉ ၁၁၃)

(၂) ပဒိုစောတောနီး (+ ၆၆ ၆၃၀ ၂၀၂ ၄၁၁ )